လူတစ်ဦးသည် အကျိုးကုသိုလ်ကို မျှော်ကိုး၍ မိမိ၏

အိမ်သူအိမ်သားများအပေါ်

သုံးစွဲမှုတစ်ခုခုပြုခဲ့လျှင် ထိုသုံးစွဲမှုသည်

၎င်းသူအတွက် ဆွဒကဟ်အလှူဒါနပင်ဖြစ်သည်။

အဗူမတ်စ်အူးဒ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ လူတစ်ဦးသည်
အကျိုးကုသိုလ်ကို မျှော်ကိုး၍ မိမိ၏ အိမ်သူအိမ်သားများအပေါ်
သုံးစွဲမှုတစ်ခုခုပြုခဲ့လျှင် ထိုသုံးစွဲမှုသည် ၎င်းသူအတွက်
ဆွဒကဟ်အလှူဒါနပင်ဖြစ်သည်။ [صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ အကယ်၍လူတစ်ဦးသည် မိမိက သုံးစွဲရန်တာဝန်ရှိသော အိမ်သူအိမ်သားများဖြစ်သည့် မိမိဇနီး၊မိဘနှစ်ပါး၊ သားသမီးနှင့် အခြားသူများအပေါ်ပေးကမ်းသုံးစွဲခဲ့ပြီးထိုသုံးစွဲခြင်းအပေါ် အရှင်မြတ်နှင့် နီးကပ်မှုရရှိရန်နှင့် အရှင်မြတ်ထံတော်မှအကျိုးကုသိုလ်ရရှိရန် မျှော်လင့်ချက်ထားပါက ထိုသူသည် ဆွဒ်ကဟ်အလှူဒါနပြုသည့်အကျိုးကုသိုလ်ကိုရရှိမည်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/6460